
TUESDAY, 8 - 14 NOVEMBER, 2016
THE FLOWER NEWS
China · YUNNAN
အရေးကြီးသတင်း A
Yunnan Daily Press Group THE FLOWER NEWS

# ယူနန်ပြည်နယ်၏မြန်နှုန်းမြင့်ရထားလမ်းအရှည်မှာ ကီလိုမီတာ (၁၇၀၀) အထိ ရောက်ရှိနိုင်





ဤသတင်းဌာနမှရရှိသောသတင်းအရ ၂၀၂၀ ပြည့်နှစ်ကျလျှင် ယူနန်ပြည်နယ်၏ မြန်နှုန်းမြင့် ရထားလမ်းအရှည်မှာ ကီလိုမီတာ (၅၀၀၀)အထိ ရောက်ရှိပြီး ကီလိုမီတာ (၆၀၀၀)အထိ ထိုးဖောက်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲရထားလမ်းအရှည်မှာ ကီလိုမီတာ (၈၀၀၀)အထိ ရောက်ရှိပြီးပြေးဆွဲနိုင်မည့် မြန်နှုန်းမြင့်ရထားလမ်းအရှည်မှာ ကီလိုမီတာ (၁၇၀၀)အထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၀ပြည့်နှစ်ကျလျှင်ယူနန်ပြည်နယ်အတွင်းရှိ ပြည်နယ်ခွဲ/မြို့အားလုံးတွင် ရထားလမ်းပေါက်ရန်၊ ယူနန်အလယ်ပိုင်းဒေသရှိ မြို့ပြအုပ်စုတို့တွင် မြန်နှုန်းမြင့်ရထားလမ်းပြေးဆွဲသွားရန် ရည်မှန်းချက် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးအရအင်အားတောင့်တင်းသော၊ လူဦးရေအရများပြားသော ပြည်နယ်ခွဲ/မြို့များ (လူဦးရေသုံးသန်းအထက်ရှိ ပြည်နယ်ခွဲ/မြို့များ)နှင့် ခရီးသွား အလေးပေးဒေသများတွင် စံနှုန်းမြင့်ရထားပေးဆွဲသွားရန် ရည်မှန်းချက် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သမိုင်းအကြောင်းအရင်းနှင့် လက်တွေ့အခြေအနေများ၏ ကန့်သတ်မှုကြောင့် ယူနန်ရထားလုပ်ငန်း၏ ဖွံ့ဖြိုးမှုမှာအလွန်ပင်နောက်ကျသွားသည်။ ရထားလမ်းကွန်ရက် အတိုင်းအတာသေးငယ်လှသည်၊ အခင်းအကျင်း ချောင်ကျလှသည်၊ စံချိန်စံနှုန်းနိမ့်ကျသည်၊ အိမ်နီးချင်းနိုင်ငံများနှင့် အပြန်အလှန်ချိတ်ဆက်နိုင်သော လမ်းကြောင်းမဖြစ်တည်လာသေးပါ။ "ပေါက်နိုင်သော်လည်း ချောမွေ့မှာမဟုတ်ပါ" စသည့်ပြဿနာများသည်ထင်ထင်ရှားရှား ရှိနေသေးသည်။ ၂၀၁၅ ခုနှစ်အထိ ယူနန်ပြည်နယ်၏ လမ်းကွန်ရက်သိပ်သည်းမှုမှာ လူဦးရေတစ်သောင်းလျှင် ၇၆ကီလိုမီတာ/စတုရန်းကီလိုမီတာသာရှိခဲ့ရာ လူဦးရေတစ်သောင်းအတွက် ရထားလမ်းအရှည်မှာ (၀.၆၂) ကီလိုမီတာသာပိုင်ဆိုင်ပြီး တရုတ်တစ်နိုင်ငံလုံး ပျမ်းမျှအရှည်နှင့် အိမ်နီးချင်းပြည်နယ်ကထက် အောက်ကျလျက်ရှိနေသည်။ လက်ရှိတွင် နိုင်ငံတော်အစိုးရ၏ ရထားလမ်း တည်ဆောက်ရေးစီမံကိန်းသည် တရုတ်အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများသို့ ဦးစားပေး ထောက်ခံလျက်ရှိနေသည်။ နိုင်ငံတော်အစိုးရ၏ တာလတ်တာရှည် ရထားလမ်းကွန်ရက် စီမံကိန်း တွင် ယူနန်ပြည်နယ်အတွက် စီမံကိန်း(၁၆)ခု သတ်မှတ်ပေးသည်။ ရထားလမ်းအရှည် ၃၈၇၈ ကီလိုမီတာ ဆောက်လုပ်ရန်လျာထားပြီး ခန့်မှန်းခြေအရ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာယွမ် ၂၉၁၆ ဘီလီယံရှိသည်။ စီမံကိန်းရေးဆွဲရာတွင် ယူနန်ပြည်နယ်၏ ရထားလမ်းစီမံကိန်းအတွက် အသစ်တိုးလာမည့် ရထားလမ်းအရှည်မှာ ကီလိုမီတာ၃၅၀၀ ခန့်ရှိသည်။

မိတ်ဆက်ခြင်းအရ မြန်နှုန်းမြင့်ရထားလမ်းတည်ဆောက်ရေးသည် အနာဂတ်တွင်ယူနန်ရထား လမ်းတည်ဆောက်ရေး၏ အလေးပေးစီမံကိန်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ကျလျှင် ပြည်နယ်တစ်ခုလုံး၌ပြေးဆွဲနိုင်သော မြန်နှုန်းမြင့်ရထားလမ်းအရှည်မှာ ကီလိုမီတာ ၁၇၀၀အထိ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ကူမင်းမြို့မှ ယူနန်အလယ်ပိုင်း ချူကျင့်မြို့ချီလင်မြို့နယ်၊ ယွီရှီးမြို့ဟုန်ထာမြို့နယ်၊ ချူရှုံးမြို့၊ ဟုန်ဟော်ပြည်နယ်ခွဲ မီလက်မြို့ စသည့် ဒေသများသို့ တစ်နာရီအတွင်း ဆိုက်ရောက်နိုင်မည် ဖြစ်ကြောင်း၊ ကျောင်ထုံးမြို့၊ ဝင်ဆန်းမြို့၊ တာ့လီမြို့၊ လိကျန်းမြို့စသည်ဒေသများကို မြန်နှုန်းမြင့်ရထားလမ်းများဖြင့် ဖုံးလွှမ်းရန်ဖော်ဆောင် သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်တစ်ခုလုံးရှိ စီးပွားရေးပမာဏစုစုပေါင်း၏ ဇယားထိပ်(၅၀)နေရာတွင် ဦးဆောင်သော ခရိုင်စီးပွားရေးဇုန်၏ ၆၀ ရာခိုင်နှုန်း၊ 5Aအဆင့် ခရီးသွားဇုန်၏ ၇၀ ရာခိုင်နှုန်း၊ 4Aအဆင့် ခရီးသွားဇုန်၏ ၆၀ ရာခိုင်နှုန်းတို့တွင် မြန်နှုန်းမြင့်ရထားဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း၊ ဖူးလ်မြို့၊ စစ်ဆောင်ပန်နားပြည်နယ်ခွဲ၊ လင်ချန်းမြို့စသည့် ပြည်နယ်ခွဲ /မြို့(၃)ခုတို့တွင် အရှိန်နှုန်း ၁၆၀ကီလိုမီတာ/နာရီမြန်နှုန်းမြင့်ရထားဖြင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ပေါင်ဆန်းမြို့၊ တယ်ဟုန်ပြည်နယ်ခွဲ(ရွှေလီမြို့)စသည့် ပြည်နယ်ခွဲ/မြို့(၂)ခုတို့တွင် အရှိန်နှုန်း ၁၄၀ကီလိုမီတာ/နာရီမြန်နှုန်းမြင့်ရထားဖြင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်ကျလျှင် ပြည်နယ်တစ်ခုလုံး၏ မြန်နှုန်းမြင့်ရထားလမ်း စုစုပေါင်းအရှည်မှာ ကီလိုမီတာ ၃၁၀၀ (မြို့ချင်းဆက်ရထားလမ်းအရှည် ကီလိုမီတာ၁၅၀၀ခန့်)အထိ ရောက်ရှိနိုင်ကြောင်း၊ တစ်ပြည်နယ်လုံးအကြား အချိန်နှင့်လေဟာနယ် အကွာအဝေးကိုနီးကပ်လာစေပြီး ပြည်နယ်ချင်းဆက်ရထားလမ်း၊ အိမ်နီးချင်းနိုင်ငံချင်းဆက်ရထားလမ်းနှင့် နယ်စပ်ချင်းဆက်ရထားလမ်းများ ချောမွေ့စေရန်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ကွေ့(ကျိုး)-ကူ(မင်း)၊ချိန်(ဒူး)-ကူ(မင်း)၊နေ(ကျန်း)-ကူ(မင်း)၊ ရှန်(ဟဲ)-ကူ(မင်း) ခရီးသည်တင်အထူးရထား၊ ယူ(နန်)-ကွေ့(လင်)၊ ချုံ(ချင်း)-ကူ(မင်း)၊ ယူ(နန်)-တိ(ဗက်) စသည့် "ပြည်နယ်ထွက်လမ်း(၈)သွယ်"၏ ပင်မလမ်းကြောင်းကို ပြီးစီးအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ကူမင်းမြို့မှ ပေကျင်း၊ ရှန်ဟဲ၊ ကွမ်ကျိုးမြို့သို့ သွားလျှင် ၇.၅ နာရီမှ ၉ နာရီအထိသာ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ ကူမင်းမြို့မှ ပတ်ဝန်းကျင်ပြည်နယ်/မြို့တော်များဖြစ်ကြသည့်ကွေ့ရန်၊ ချုံချင့်၊ ချိန်ဒူး၊ နန်နင်း စသည့်မြို့များသို့ သွားလျှင် ၁.၇ နာရီမှ ၃.၁ နာရီအထိသာ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း၊ တရုတ်-ဗီယက်နမ် နယ်စပ်ထွက်လမ်း၊ တရုတ်-လာအို-ထိုင်းနယ်စပ်ထွက်လမ်း၊ တရုတ်-မြန်မာနယ်စပ်ထွက်လမ်းနှင့် တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယလမ်းမတို့ကို အခြေခံအားဖြင့်ဖြစ်တည်လာနိုင်မည်ဖြစ်ကြောင်း၊ ကူမင်းမြို့မှ ဟော်ခို၊ မော်ဟန်း၊ ရွှေလီ၊ ချင်းရွှေဟော်နှင့် ဟိုချောင်နယ်စပ်ဂိတ်များသို့ ၅-၆နာရီအတွင်း ရောက်ရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

သတင်းထောက် - ယန်စူးရန့်

## ယူနန်ပြည်နယ်သည်ပြည်ပတံခါးဖွင့်ရန်လေဟာနယ်သစ်ချဲ့ထွင်

နောက်ဆုံးပေါ် အချက်အလက်များအရ တရုတ်နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်ဖြင့် တရုတ်-လာအိုမော်ဟန်း-မော်တင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် ထူထောင်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဖော်ဆောင်ရန်စီမံကိန်းကို ယူနန်ပြည်နယ်အစိုးရမှ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယူနန်-လာအိုမြောက်ပိုင်း ပူးပေါင်းဆောင်ရွက်ရေးစနစ်ကို ပြီးပြည့်စုံအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ခုနှစ်မှစ၍ယူနန်-လာအိုမြောက်ပိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့၏ဆွေးနွေးပွဲစနစ်ကို တစ်နှစ်တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယူနန်နယ်စပ်ဒေသစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဇုန် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများကိုသုတေသနပြု ချမှတ်မည်ဖြစ်ကြောင်း၊ ဟုန်ဟော်အထွေထွေ အခွန်ကင်းလွတ်ဇုန်သည် ရှန်ဟဲလွတ်လပ်စွာ ကုန်သွယ်မှုဇုန်နှင့် သက်ဆိုင်သော ပေါ်လစီများကိုလက်တွေ့ဖော်ဆောင်နိုင်ရန် တွန်းအားပေးဆောင်ရွက်ခဲ့ပြီးအခွန်ကင်းလွတ်ဇုန်၏ပြည်ပကုန်သွယ်ရေး သတင်းအချက်အလက်စင်မြင့်၏ အဆင့်(၁)စီမံကိန်း တည်ဆောက်ခဲ့ကြောင်း၊ တစ်ပြည်နယ်လုံးတွင် နယ်စပ်ဈေးကွက်စီမံခန့်ခွဲရေးစနစ်ပြုပြင်ပြောင်းလဲရေး စမ်းသပ်ပွိုင့်ကို ဦးစွာကျင့်သုံးခဲ့ကြောင်း၊ ကူမင်းမြို့ ၇၂ နာရီအတွင်း နိုင်ငံဖြတ်ကျော် ဗီဇာကင်းလွတ်ခွင့် ပေါ်လစီကျင့်သုံးသည့် နိုင်ငံ/ဒေသများမှာ (၅၁)ခုအထိ တိုးချဲ့နိုင်ခဲ့ကြောင်း၊ (၄)ကြိမ်မြောက်တရုတ်-တောင်အာရှကုန်စည်ပြပွဲ၏ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကိုအောင်မြင်စွာကျင်းပခဲ့ပြီး"ကူမင်းသဘောတူညီချက်" ရရှိနိုင်ခဲ့ကြောင်း သိရသည်။

နယ်စပ်ဒေသငွေကြေးစနစ်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းကို အဆက်မပြတ်ဆန်းသစ်တီထွင်လာနေသည်။ ဇွန်လကုန်အထိယူနန်ပြည်နယ်၏ တရုတ်ယွမ်ငွေနယ်စပ်ဖြတ်ကျော် စာရင်းရှင်းခဲ့သည့်ပမာဏမှာ ယွမ်ငွေ ၃၅.၇၁၃ ဘီလီယံအထိ တိုးတက်ခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၁၃ ရာခိုင်နှုန်း တိုးတက်နိုင်ခဲ့သည်။ တစ်ပြည်နယ်လုံးရှိ နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်း အုပ်စု(၅)ခုတို့သည် တရုတ်ယွမ်ငွေသိုလှောင်ရန် "ငွေကန်"ကို တည်ဆောက်ခဲ့ကြသည်။ ပိုင်ဆိုင်သူများ၏ ငွေပမာဏမှာ ၄၈.၆၀၂ ဘီလီယံအထိ ရောက်ရှိနိုင်သည်။ ပြည်ပတွင် ငွေကြေးအဖွဲ့အစည်းများဖွင့်လှစ်၍တရုတ် ယွမ်ငွေစာရင်းရှင်းရန်ဘဏ်စာရင်းများအတွက် "အစိမ်းရောင်လမ်းကြောင်း" ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တစ်ပြည်နယ်လုံးတွင် NRA (ပြည်ပမှ အဖွဲ့အစည်းများအတွက် ပြည်တွင်းနိုင်ငံခြားငွေဘဏ်စာရင်း)ဘဏ်စာရင်းဖွင့်လှစ်ထားသော အဖွဲ့အစည်းမှာ စုစုပေါင်း(၂၈၂)ခုရှိသည်။ ငွေရေးကြေးရေးလုပ်ငန်းမှ ယူနန်သို့ဝင်ရောက်စေရန် တက်ကြွစွာ တွန်းအားပေးဆောင်ရွက်ခဲ့သည်။ လာအို-တရုတ်ဘဏ်သည် မော်တင်းမြို့တွင်ဘဏ်ခွဲဖွင့်လှစ်ရန် စီစဉ်နေဆဲဖြစ်သည်။ ထိုင်းနိုင်ငံခိုင်ထိုက်ဘဏ်သည် ကူမင်းမြို့ရှိ ဌာနေရုံးခွဲကိုဘဏ်ခွဲအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီးဖြစ်သည်။ ပထမဆုံးသော တရုတ်ယွမ်ငွေ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှ ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းသည် ယူနန်ပြည်နယ်တွင် တရားဝင်အခြေချနိုင်ခဲ့သည်။ ယင်းစီမံကိန်း၏ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းမှာ တရုတ်ယွမ်ငွေ ၄.၁၄ဘီလီယံအထိရောက်ရှိနိုင်သည်။

သတင်းထောက် - တွမ့်ရှောင်ရွှေဟုချောင်း

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn